# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန

## နိဒါန်း

ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများကို (၂၈-၉-၂၀၂၃) ရက်နေ့တွင်ကျင်းပပြုလုပ်သော ငါးလုပ်ငန်းဦးစီးဌာန၊စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး၊ အမှတ်စဉ်(၃၈/၂၀၂၃)သဘောတူညီချက်ဖြင့်အောက်ပါလုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ တည်မြဲလုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်တွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) ဝန်ကြီးဌာန ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

( ခ ) ဦးစီးဌာန ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

( ဂ ) ဥပဒေ ဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ကို ဆိုသည်။

(ဃ) ကော်မရှင် ဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကို ဆိုသည်။

( င ) ဌာနခွဲဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)ရှိ ဌာနခွဲများကို ဆိုသည်။

( စ ) ဌာနခွဲတာဝန်ခံ ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ ကို ဆိုသည်။

(ဆ) ဦးစီးဌာနမှူး ဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် သို့မဟုတ် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးစီးဌာနမှူး ကို ဆိုသည်။

( ဇ ) စခန်းတာဝန်ခံ ဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ်ပြည်ထောင်စုနယ်မြေရှိ ငါးလုပ်ငန်းစခန်းတာဝန်ခံ ကို ဆိုသည်။

( ဈ) လစဉ်အစီရင်ခံစာ ဆိုသည်မှာ ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ထံသို့ လစဉ်တင်ပြသည့် အစီရင်ခံစာ ကို ဆိုသည်။

## အခန်း(၂)

## အကြံပြုစာများနှင့် ဌာနတွင်း သတင်းပို့တိုင်ကြားမှုကို လက်ခံဆောင်ရွက်ခြင်း

၃။ ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲတာဝန်ခံများ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးများမှ ၎င်းတို့၏ ရုံးစိုက်ရာဒေသရှိ ရုံးဌာနအဆောက်အဦများတွင် အကြံပြုစာတိုက်ပုံးများနှင့် အကြံပြု တိုင်ကြားစာပေးပို့နိုင်သည့် လိပ်စာများကို အများပြည်သူထင်သာမြင်သာရှိသည့်နေရာ များတွင် ထားရှိရမည်။

၄။ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့သည် သတင်းပို့တိုင်ကြားမှုကို လက်ခံဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအတိုင်း စနစ်တကျဆောင်ရွက်ရမည်-

(က) အောက်ပါအချက်များပါဝင်သည့် လယ်ဂျာစာရင်းရေးသွင်း၍ မှတ်တမ်း ထားရှိရမည်-

(၁) အမှတ်စဉ်၊

(၂) ရက်စွဲ၊

(၃) တိုင်ကြားသူ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊

(၄) တိုင်ကြားသည့်အကြောင်းအရာ၊

(၅) တိုင်းကြားခံရသူ အမည်၊ ရာထူး၊ ဌာန၊

(၆) တိုင်ကြားစာနှင့်ပတ်သက်၍ ကနဦး ထင်မြင်ယူဆချက်၊

(၇) မှတ်ချက်။

( ခ ) တိုင်ကြားစာ အား လက်ခံရရှိပါက ဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်ထံ တင်ပြရမည်။

( ဂ ) တိုင်ကြားစာ ပေးပို့တင်ပြရာတွင် အဆိုပါ တိုင်ကြားစာနှင့် ပတ်သက်၍ ကနဦးစိစစ်ချက် ပါရှိရမည်။ (လိုအပ်ပါက ဓါတ်ပုံမှတ်တမ်း ပူးတွဲတင်ပြ ရမည်၊)

(ဃ) တိုင်ကြားစာအပေါ်စိစစ်ချက်အရ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး များမှ ဖြေရှင်းနိုင်သည့်ကိစ္စဖြစ်ပါက တိုင်ကြားသူနားလည်သဘောပေါက် ပြီး ကျေနပ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးရမည်။

( င ) ဖြေရှင်းဆောင်ရွက်ချက်များကို မှတ်တမ်းဓါတ်ပုံများနှင့်အတူ ပူးတွဲတင်ပြ ရမည်။

၅။ ဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ထံသို့ လိပ်မူတိုင်ကြား သည့် တိုင်ကြားစာဖြစ်ပါက စနစ်တကျစိစစ်ပြီး ဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်ထံသို့ တင်ပြရမည်။

၆။ တိုင်ကြားစာအပေါ် ဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်အရေးယူဆောင်ရွက်ရမည်။

# အခန်း(၃)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးသည့်တိုင်ကြားစာများအပေါ် ဆောင်ရွက်ခြင်း

၇။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀(ခ)အရ ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟုယူဆသော တိုင်ကြားစာများအား ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့လျက်ရှိရာ အဆိုပါတိုင်ကြားစာများနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်–

(က) တိုင်ကြားစာအား လက်ခံရရှိပါက တိုင်ကြားစာမှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းရမည်။

( ခ ) တိုင်ကြားစာအပေါ်စိစစ်၍ ရေးဦးစုံစမ်းရေးအဖွဲ့၊ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရမည်။

( ဂ ) ထိုသို့ စစ်ဆေးရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးပြီးသည့် အမှုကိစ္စများဖြစ်ပါက အဆိုပါစစ်ဆေးချက်များအပေါ် အခြေခံ၍ ပြစ်မှုကျူးလွန်ခြင်းရှိ/မရှိကို စနစ်တကျစစ်ဆေးရမည်။

(ဃ) စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်သူများကို ဝန်ထမ်းစည်းကမ်းအရ အရေးယူနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြရမည်။

( င ) ကော်မရှင်မှ လွှဲပြောင်းပေးသည့်အမှုကိစ္စအပေါ် ပြစ်မှုကျူးလွန်သူကို ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ပြီးပါက အရေးယူဆောင်ရွက်ပြီးစီးမှုကို ဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှတဆင့် ကော်မရှင်သို့ ပြန်လည်အစီရင်ခံတင်ပြနိုင်ရေး ဆောင်ရွက်ရမည်။

( စ ) ထိုသို့ အရေးယူဆောင်ရွက်ခဲ့ရသည့် တိုင်ကြားစာများအား စနစ်တကျ မှတ်တမ်းထားရှိရမည်။

(ဆ) အရေးယူဆောင်ရွက်မှုအခြေအနေကို ဝန်ကြီးဌာနသို့ တင်ပြရသည့် လစဉ် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြ တင်ပြရမည်။

## အခန်း(၄)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါအချက်များအား အသိပညာပေးခြင်း

၈။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ အချက်များအား သိရှိစေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန်အတွက် အောက်ပါအတိုင်း အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ဌာနခွဲတာဝန်ခံများ၊ တိုင်းဒေသကြီး / ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေရှိ ဦးစီးဌာနများသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေစာအုပ်များဖြန့်ဝေပေးခြင်း၊

( ခ ) ဦးစီးဌာန၏ လစဉ်ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနား(ဒါဘာ)တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား ထည့်သွင်းဆွေးနွေးခြင်း၊

( ဂ ) ဌာနခွဲအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်/ ငါးလုပ်ငန်းစခန်းအလိုက် အခါအားလျော်စွာ အသိပညာပေးခြင်း၊

(ဃ) အဂတိလိုက်စားမှု တားဆီးကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များပြုစု၍ ဝန်ထမ်း များ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ဖြန့်ဝေပေးခြင်း၊

( င ) ဦးစီးဌာနရှိ ဝန်ထမ်းများအား အသိပညာပေးခြင်းအပြင် ဦးစီးဌာနသို့ ဝန်ဆောင်မှုရယူရန်လာရောက်သည့် အများပြည်သူများကိုပါ အသိပညာပေးခြင်း၊

( စ ) အများပြည်သူများသို့ အဂတိလိုက်စားမှု တားဆီးကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ခြင်း။

# အခန်း(၅)

## တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း

၉။ ဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများတွင် အောက်ဖော်ပြပါ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိသည့်အချက်များကို ဆန်းစစ်လေ့လာရမည်-

(က) ငါးဖမ်း/ငါးသယ်ရေယာဉ်လိုင်စင်လျှောက်ထားခြင်း၊

( ခ ) အခွန်အခကောက်ခံခြင်း၊

( ဂ ) မှတ်ပုံတင်ခြင်း၊

(ဃ) ငါးဖမ်းကွက်သတ်မှတ်ခြင်း၊

( င ) စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊

( စ ) အယူခံခြင်း၊

(ဆ) ပြင်ဆင်ခွင့်တင်ပြချက်များ၊

( ဇ ) အငှားဂရန် သို့မဟုတ် လိုင်စင်လျှောက်ထားခြင်း၊

( ဈ) စံချိန်စံညွှန်းဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ၊

(ည) တားမြစ်ချက်များ၊

( ဋ ) ပြစ်မှုနှင့် ပြစ်ဒဏ်များ။

၁၀။ ဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့သည် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဆန်းစစ်လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများပါ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသည့် အချက်များကို ပြင်ဆင်နိုင်ရေးဆောင်ရွက်ရမည်။

၁၁။ ထို့ပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ငယ်သည် ဦးစီးဌာနရှိ လုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းတာဝန်များအပေါ် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့်အချက်များကို ဖော်ထုတ်ရမည်။

## အခန်း(၆)

## ဌာနတွင်း စာရင်းစစ်ဆေးခြင်းနှင့် ဘဏ္ဍာငွေသုံးစွဲခြင်းများကို စောင့်ကြည့်လေ့လာခြင်း

၁၂။ ဦးစီးဌာနတွင် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် ဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ဦးစီးဌာနတွင်း စာရင်းစစ်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ခ) ဌာနတွင်းစာရင်းများကို ဖွဲ့စည်းထားသည့် စာရင်းစစ်အဖွဲ့များဖြင့် အပြန်အလှန် စစ်ဆေးစေခြင်း၊

(ဂ) ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) စာရင်းစစ် စစ်ဆေးချက်အစီရင်ခံစာများအရ အဂတိလိုက်စားမှုများကို ဖော်ထုတ်ခြင်း၊

(င) ဖော်ထုတ်ရရှိသော အဂတိလိုက်စားမှုများကို စနစ်တကျစိစစ်၍ ထိုက်သင့်သည့် အရေးယူမှုများဆောင်ရွက်ရန် တင်ပြခြင်း၊

(စ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၁ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေး ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဆ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ လွှဲပြောင်းပေးခြင်း။

## အခန်း(၇)

## သတင်းစုံစမ်းရေးနှင့်တားဆီးကာကွယ်ရေး

၁၃။ ဦးစီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့သည် သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဦးစီးဌာနတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသောနယ်ပယ်များကို လေ့လာဆန်းစစ်ခြင်း၊

(ခ) သတင်းမီဒီယာနှင့် Online မှ အချက်အလက်များ ရယူစုံစမ်းခြင်း၊

(ဂ) ပြည်သူများအကြား ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် သတင်းများ ရယူခြင်း၊

(ဃ) ရုံးဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သတင်းများရယူခြင်း၊

(င) ဌာနတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများ ပညာပေးဆွေးနွေးပို့ချခြင်း၊

(စ) အဂတိလိုက်စားမှုဆိုင်ရာ သတင်းများကို အများပြည်သူများ သိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊

(ဆ) ဝန်ထမ်းများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓါတ်ကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဇ) ဌာနများတွင် ပွင့်လင်းမြင်သာမှု၊ စည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်များ၊ အမိန့်များကို ပွင့်လင်းမြင်သာမှုရှိအောင် သတိပေးထုတ်ပြန်ခြင်း၊

(ဈ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ပြည်သူများထံမှ အကြံဉာဏ်များ ကြိုတင်ရယူခြင်း၊

(ည) ဦးစီးဌာနတွင်းရှိဝန်ထမ်းများအား တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

## အခန်း(၈)

## ဌာနဆိုင်ရာ စစ်ဆေးရေး

၁၄။ ဦးစီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့သည် ဌာနဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ လွှဲပြောင်းပေးပို့လာသော ဌာနဆိုင်ရာအရေးယူနိုင်သည့်ပြစ်မှုများအားဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအတိုင်း ဦးစီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

( ခ ) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်ပါက ရှေးဦးစုံစမ်းရေးအဖွဲ့ ( PE ) သို့မဟုတ် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့(DE) ဖွဲ့စည်းရန် တင်ပြခြင်း၊

( ဂ ) အရေးယူခံရသော ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ (DE) ဆောင်ရွက်ခြင်းကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ မှ ၂၁၇ ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းမှ အယူခံဝင်ခြင်း ဆောင်ရွက်ပါက နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၁၈ မှ ၂၂၈ ပါအတိုင်း လိုက်နာဆောင်ရွက်မှုအပေါ် စိစစ်ဆောင်ရွက်ခြင်း၊

( င ) ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သုံးသပ်၍ အဆုံး အဖြတ်ပေးနိုင်ရန်အတွက် ဦးစီးဌာန၏ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ထံ တင်ပြခြင်း။

# အခန်း(၉)

## ပညာပေးရေး နှင့် မှတ်တမ်းတင် အစီရင်ခံရေး

၁၅။ ဦးစီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့သည် **ပညာပေးရေးနှင့် မှတ်တမ်းတင် အစီရင်ခံရေး** လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကိုဝန်ထမ်းများအားလုံးသိရှိအောင်ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း၊

( ခ ) ဌာနအလိုက် ဝန်ထမ်းများအား လူ့တန်ဖိုး၊ ဝန်ထမ်းတန်ဖိုး၊ ဌာန၏ မူဝါဒ၊ ရည်မှန်းချက်တို့ကို သိရှိနားလည်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပြီး အဂတိလိုက်စားမှုနှင့် အဂတိလိုက်စားမှုကြောင့်ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများအား ပညာပေးဆောင်ရွက်ခြင်း၊

( ဂ ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်ပတ်သက်သည့် အသိပညာပေး ဆောင်ပုဒ်များအား ရုံး၊ ဌာနများ၏ ထင်သာမြင်သာရှိသည့် နေရာများတွင် ထားရှိခြင်း၊

(ဃ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ထုတ်ဝေသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အချက်အလက်များရယူ၍ ဦးစီးဌာနတွင် ပြန်လည်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( င ) ဦးစီးဌာနတွင် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှု ပြဿနာများ လျော့ပါးစေရေးအတွက်ပညာပေးဆွေးနွေးခြင်းနှင့် သင်တန်း ပို့ချခြင်းများ ဆောင်ရွက်ခြင်း၊

( စ ) ဦးစီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို ဝန်ထမ်းများအားအသိပေးခြင်း၊ ပြည်သူများသိရှိအောင် ဌာန၏ Website တွင် ဖော်ပြပေးခြင်းများ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းဒေသကြီး / ပြည်နယ်များရှိ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့များထံမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအား လစဉ်တောင်းခံ၍ မှတ်တမ်းထားရှိခြင်း၊

( ဇ ) ဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လစဉ်လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား ဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ထံသို့ ပြုစုတင်ပြခြင်း။

## အခန်း(၁၀)

## ပြည်သူ့တုံ့ပြန်မှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

၁၆။ ဦးစီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့သည် **ပြည်သူ့တုံ့ပြန်မှု အစီအစဉ် (Public Feedback Program–PFP)** လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ဌာနခွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့တုံ့ပြန်မှု အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် သီးခြားတာဝန်ပေးအပ်ခြင်း၊ (အနည်းဆုံး အမှုထမ်း (၁)ဦး)

( ခ ) တာဝန်ပေးအပ်ထားသော ဝန်ထမ်းအား လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာဌာနခွဲတာဝန်ခံ၊ တိုင်းဒေသကြီး / ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးတို့မှ ကြီးကြပ်ခြင်း၊

( ဂ ) တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များမှ ပြည်သူ့တုံ့ပြန်မှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊

(ဃ) ဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ပြည်သူ့တုံ့ပြန်မှု အစီအစဉ်ဆောင်ရွက်နိုင်ရေးအတွက် DEO Account များ ဖြန့်ဝေပေးခြင်း၊

( င ) ဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ ဖြန့်ဝေပေးသည့် DEO Account များဖြင့် ဦးစီးဌာနသို့ ဝန်ဆောင်မှုရယူရန် လာရောက်သည့် ပြည်သူများ၏ စာရင်းအချက်အလက်များအား ကောက်ယူခြင်း၊

( စ ) ကောက်ယူရရှိသော ပြည်သူများ၏ အချက်အလက်များအား ဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ထံသို့ပေးပို့ခြင်း၊

(ဆ) ဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့မှ ပြည်သူ့တုံ့ပြန်မှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဝန်ထမ်းမှ မေးခွန်းမေးမြန်းနိုင်ရေးအတွက်စုစည်း၍ SMS ပေးပို့၍ မေးခွန်းများမေးမြန်းခြင်း၊

( ဇ ) ပြည်သူများ၏ ပြန်လည်ဖြေကြားချက်များအရ အဂတိလိုက်စားမှုဖြစ်ပေါ်နေကြောင်း စိစစ်တွေ့ရှိရပါက ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ထံသတင်းပို့တင်ပြခြင်း၊

( ဈ) ပြည်သူများ၏ပြန်လည်ဖြေကြားချက်များအား သက်ဆိုင်ရာကဏ္ဍအလိုက်အုပ်စုခွဲခြားခြင်း၊

(ည) ပြည်သူများ၏ ပြန်လည်ဖြေကြားချက်အရ အဂတိလိုက်စားသူများကိုဖော်ထုတ်၍ ထိရောက်စွာအရေးယူခြင်း ဆောင်ရွက်နိုင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

( ဋ ) ပြည်သူ့တုံ့ပြန်မှုအစီအစဉ် လစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အစီရင်ခံစာတွင် ထည့်သွင်းတင်ပြခြင်း။

## အခန်း(၁၁)

## အထွေထွေ

၁၇။ ဦးစီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၊ အဖွဲ့ ခေါင်းဆောင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ကို ဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၈။ ဦးစီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ငယ်များကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူ၍ ထပ်မံဖွဲ့စည်းနိုင်သည်။

၁၉။ ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် ပြည်သူ့တုံ့ပြန်မှုအစီအစဉ် ဆောင်ရွက်နေသည့် ဝန်ထမ်းများအား ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ အစားထိုးတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်သည်။

၂၀။ ဦးစီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက အရာထမ်း သို့မဟုတ် အမှုထမ်းများအား ထုတ်နုတ်၍ သီးခြားတာဝန်ပေးအပ်ရမည်။

၂၁။ အဂတိလိုက်စားမှုကျူးလွန်သော ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူသင့်သည့် ပြစ်မှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူသင့်သည့် ပြစ်မှုများကို ဝန်ကြီးဌာနမှတဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ရမည်။

၂၂။ ဦးစီးဌာနနှင့် လုပ်ငန်းဆက်စပ်ဆောင်ရွက်သည့် လုပ်ငန်းရှင်များကို ၎င်းတို့၏ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ရေး တွန်းအားပေးဆောင်ရွက် ရမည်။

၂၃။ ဦးစီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲရာတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာအချက်များအား ထည့်သွင်းချမှတ်ရေးဆွဲနိုင်ရေး ဆောင်ရွက် ရမည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ငါးလုပ်ငန်းဦးစီးဌာန

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ
# တည်မြဲလုပ်ထုံးလုပ်နည်းများ

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်